# AROMA
ဝိညာဉ်ရေးရာစာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355,   www.geocities.com/aromadc;  www.cbc-dc.com

November 2009 အတွဲ ၆၊ အမှတ် ၁၁။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဓမ္မဝေလီနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

# ကျေး ဇူး တော်

## *(GRACE)*

## ယခုလဖတ်စရာ

- ကျေးဇူးတော်
- ဝိညာဉ်စကား
- ဟာဗက္ကုတ်အနာဂတ္တိကျမ်း

## ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

## အယ်ဒီတာအဖွဲ့

ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာစီ)**
thawngnoaroma@gmail.com

## ကွန်ပြူတာစာစီ

တိုးတိုးခိုင်

---

စာမူပေးပို့လိုသူများအောက်ပါ
လိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820

ဘုရားသခင်၏ကျေးဇူးတော်အကြောင်း ရှင်းလင်းစွာ နားလည်သဘောပေါက်ခြင်းသည် သန့်ရှင်းစင်ကြယ်သော အသက်တာနှင့် အောင်မြင်သောအသက်တာ၏ အဓိကသော့ချက်တစ်ခုဖြစ်ကြောင်း ကျွန်မယုံကြည်ပါသည်။ သည်ကနေ့ ယုံကြည် သူအတော်များများ ဘုရားသခင်၏ကျေးဇူးတော်အကြောင်း နားလည်သဘောပေါက်မှုမရှိကြသောကြောင့် ပြဿနာတွေနဲ့ပဲ လုံးချာလည်နေကြပါသည်။ ဘုရားသခင်၏ကျေးဇူးတော်အကြောင်း ကျွန်ုပ်တို့စတင်သဘောပေါက်လာသည်နှင့်အမျှ ကျွန်ုပ်တို့ အသက်တာ၌ ပြောင်းလဲမှုတွေ စတင်ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

တကယ်တော့ ''ဘုရားသခင်၏ ကျေးဇူးတော်အကြောင်း'' သိနားလည်ဖို့က ရှုပ်ထွေးခက်ခဲလှသည့်အရာမဟုတ်။ အလွန်ပင် ရိုးစင်းလှပါသည်။ လွယ်ကူရိုးစင်းလွန်း၍ပဲ လူအတော်များများ လွဲချော်နေကြခြင်းဖြစ်သည်။ သမ္မာကျမ်းစာ၌ပါရှိသည့် ကယ်တင်ခြင်း၊ ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၊ ဘုရားရှင်နှင့် နက်ရှိုင်းစွာ မိတ်သဟာယပြုခြင်း၊ အောင်မြင်သောအသက်တာ သည်အရာတွေအားလုံး ဘုရားသခင်၏ ကျေးဇူးတော်အပေါ်၌သာ အခြေပြုထားပါသည်။

### အတိုင်းထက်အလွန်ကြွယ်ဝလှသောကျေးဇူးတော်
### (Grace is so much more ....)

ကျေးဇူးတော်ဟူသည် 'မထိုက်တန်ပဲခံစားရသောအခွင့်ထူး' (Unmerited Favor Of God) ဆိုသော အဓိပ္ပါယ်ဖွင့်ဆိုချက်ထက် ပိုမိုလေးနက်လှပါသည်။ ၎င်းသည် အသက်တာကို အန္တရယ်ပြုနေသော မကောင်းဆိုးဝါးအားလုံးကို အောင်မြင်စွာ ခြေမှုန်းနိုင်သည့် ဘုရားသခင်၏ တန်ခိုးတော်လည်းဖြစ်

**နေ့ရက်တိုင်းသည်သင်၏နောက်ဆုံးနေ့ရက်ဖြစ်ဘိသကဲ့သို့ အသက်ရှင်ပါ**
**အကြောင်းမှာ ယင်းသည်သင်၏နောက်ဆုံးနေ့ရက်ဖြစ်နိုင်သောကြောင့်ပင်...**

သည်။ သည်အရာအတွက် ကျွန်ုပ်တို့အဖိုးအခ ပေးစရာမလိုပါ။ ကျွန်ုပ်တို့အားလုံး အောင်မြင်ခြင်းထဲ၌ လျှောက်လှမ်းဖို့နှင့် ခမည်းတော်ဘုရားသခင်၏ ဘုန်းတော်ကိုထင်ရှားစေဖို့အတွက် ယေရှုကလက်ဝါးကားတိုင်၌အဖိုးအခပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။

ယာကုပ် ၄း၆ ၌ 'ထိုဝိညာဉ်တော်သည် သာ၍များသော ကျေးဇူးကိုပြုတော်မူ၏။ ထိုသို့နှင့်အညီကျမ်းစာလာသည်ကား ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင်ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏ဟုလာသတည်း'။ ဘုရားသခင်၏အကူအညီမပါဘဲ သန့်ရှင်းသောအသက်တာကို ကျွန်ုပ်တို့ မလျှောက်လှမ်းနိုင်ဟုဝန်ခံလျက်နှိမ့်ချခြင်းဖြင့် ကိုယ်တော့်ထံ ချဉ်းကပ်ပါက ကျွန်ုပ်တို့၏အသက်တာကဏ္ဍတိုင်း အတွက်၊ အောင်မြင်စွာလျှောက်လှမ်းရန် လိုလောက်သည့်ကျေးဇူးတော်ကိုပေးတော်မူမည်ဖြစ်သည်။

ကျွန်မအသက်တာ၌ အခက်အခဲအတားအဆီး အတော်များများကို ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပါသည်။ ကျွန်မခွန်အားနဲ့ ကျွန်မကြိုးစားခဲ့မိတာကိုလည်း သတိရမိပါသည်။ ကိုယ့်ကိုယ်ကိုပိုပြီးကောင်းလာအောင်၊ ဝိညာဉ်အသီးတွေ သီးလာအောင် ကြိုးစားခဲ့သည်။ စကားနည်းနည်းပြောပြီးကျွန်မယောကျ်ားအပါအဝင် အခွင့်အာဏာရှိသူတွေရဲ့ အုပ်စိုးခြင်းကိုလည်း ကြိုးစားပြီးဝန်ခံခဲ့သည်။ ဒါတင်မက ကြိုးစားပြီး ဆုတောင်း၊ ကျမ်းစာဖတ်သည်။ ဇနီးကောင်းတစ်ယောက်နှင့် မိခင်မိခင်ကောင်းတစ်ယောက်ဖြစ်ဖို့အတွက်လည်း ကြိုးစားခဲ့သည်။ အရာရာကို မိမိခွန်အားဖြင့်ကြိုးစားခဲ့သော်လည်း နောက်ဆုံး၌ 'အချည်းနှီးဖြစ်ခြင်း' နဲ့ပဲ အဆုံးသတ်ခဲ့ရသည်။ ဂလာတိ ၃း၁၀ ၌ ပညတ်တရား၏အကျင့်အားဖြင့် ကြိုးစားနေသောသူသည်၊ စိတ်ပျက်ဖွယ်ရာနှင့်သာ အဆုံးသတ်ခဲ့ရလိမ့်မည်ဟု ပြောထားပါသည်။ အဓိပ္ပါယ်ကဘုရားသခင်နှင့် မှန်ကန်စွာဆက်သွယ်နိုင်ဖို့အတွက် ပညတ်တွေ၊ စည်းကမ်းတွေနဲ့ပဲ ကြိုးစားနေပါက အချည်းနှီးဖြစ်ခြင်းနှင့်သာကြုံတွေ့ရမည်ဖြစ်ပါသည်။

## တစ်နေ့ပြီးတစ်နေ့
## (Day By Day)

'ခရစ်တော်နှင့်သဏ္ဍာန်တူလာခြင်းဖြစ်စဉ်' ထဲ၌ ကျွန်ုပ်တို့ တစ်နေ့ပြီးတစ်နေ့ ဖြတ်သန်းနေကြခြင်းဖြစ်သည်။ သည်အရာကိုပဲ သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်စဉ် (Sanctification) ဟု ခေါ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အတော်များများ ဖိလိပ္ပိ ၂း၁၂ ကိုရင်းနှီးကြပြီးဖြစ်လိမ့်မည်။ 'ကိုယ်ကိုကယ်တင်ခြင်းငှာ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့'။ သည်ကျမ်းပိုဒ်ကိုလူအတော်များများ လွဲမှားစွာ အဓိပ္ပါယ်ဖွင့်ဆိုနေကြသည်။ 'ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ကိုယ်တိုင် ကြိုးစားအားထုတ်မှုရမည်' ဟုဆိုလိုနေခြင်းမဟုတ်။ 'ကယ်တင်ခြင်း' ဆိုသည်က 'အခမဲ့လက်ဆောင်' တစ်ခုဖြစ်သည်။ (ဧဖက် ၂း၈–၉) သည်မှာဆိုလိုသည်က ဘုရားသခင်ဖြစ်စေလိုသည့် အသက်တာရောက်ဖို့အတွက် ဝိညာဉ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရမည်ဟု ပြောနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ခွန်အားအပေါ်မဟုတ်ဘဲ၊ ဘုရားရှင်၏ခွန်အားအပေါ် အမှီပြုရမည့်အကြောင်း အငယ် (၁၃) ၌တွေ့ရပါသည်။ 'အကြောင်းမူကား၊ သင်တို့သည် အလိုရှိစေခြင်းငှာ၎င်း၊ အကျင့်ကျင့်စေခြင်းငှာ၎င်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။

ကျွန်ုပ်တို့တွေ မြေကြီးခန္ဓာနှင့်အသက်ရှင်နေသမျှ ကာလပတ်လုံး ပြီးပြည့်စုံခြင်းဆိုသည်ကို ရရှိနိုင်မည်မဟုတ်သော်လည်း၊ ဝိညာဉ်တော်ဘုရား၏ ပုံသွင်းပြုပြင်မှုကိုနေ့စဉ် ခံယူလျက် ကိုယ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်နေရမည်ဖြစ်သည်။ ဆိုလိုသည်က နေ့စဉ်နှင့်အမျှ သစ်လွင်လတ်ဆတ်သော ဘုရားသခင်၏ ကျေးဇူးတော်ကို ခံယူနေရမည် ကျေးဇူးတော်ဟူသည် မန္နမုန့်နှင့်အလားသဏ္ဍာန်တူပါသည်။ မနေ့ကကျေးဇူးတော်သည် ယနေ့အတွက် လုံလောက်မှု မရှိပါ။ ယနေ့အတွက်အသစ်သောကျေးဇူးတော်လိုအပ်သည်။ သို့ဆိုလျှင် ၎င်းကိုမည်သို့ရရှိနိုင်မည်နည်း။ အလွန်ပင်လွယ်ကူပါသည်။ ရိုးရိုးလေးတောင်းခံခြင်းဖြင့် လက်ခံရရှိနိုင်ပါသည်။ "ထို့ကြောင့်ငါတို့သည်သနားခြင်းဂရုဏာကို၎င်း၊ တော်လျော်သော

မစခြင်းကျေးဇူးတော်ကိုငှင်း၊ ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့" (ဟေဗြဲ ၄း၁၆)

သန့်ရှင်းသောအသက်တာ ဘယ်လိုဖြစ်ပါ့မလဲဆိုပြီး ကျွန်ုပ်တို့စိုးရိမ်နေဖို့ဘုရားသခင်အလိုမရှိပါ။ ကိုယ်တော်အလိုရှိသည်က သန့်ရှင်းခြင်းကိုလေ့လာဆည်းပူးနေဖို့နှင့် အပြစ်ကိုပေါ့ပေါ့ဆဆ သဘောမထားဖို့ပဲဖြစ်သည်။ ကျေးဇူးတော်ဟူသည်အပြစ်လုပ်ဖို့ လိုင်စင်မဟုတ်။ အပြစ်လုပ်ဖို့အတွက် ကျေးဇူးတော်ကို ပေးထားခြင်းမဟုတ် (ရော ၅း၁၅) အပြစ်ကိုအောင်မြင်ဖို့အတွက် ပေးအပ်ထားခြင်းဖြစ်သည်။ သန့်ရှင်းစွာအသက်ရှင်ခြင်း၏ လျှို့ဝှက်ချက်မှာ ဘုရားသခင်လုပ်ဆောင်ပေးသောအပိုင်းနှင့်ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အပိုင်းကို နားလည်သဘောပေါက်ခြင်းပင်ဖြစ်သည်။

## ဝိညာဉ်တော်နှင့်ပူးပေါင်းလုပ်ဆောင်ခြင်း
## (Cooperating With The Holy Spirit)

သည်အရာက အောင်မြင်သောအသက်တာအတွက် သော့ချက်ပင်ဖြစ်သည်။ ဝိညာဉ်တော်ဘုရားသည် ကျွန်ုပ်တို့အား သမ္မာတရားကိုဖွင့်ပြပေးသူနှင့် ကျွန်ုပ်တို့ဘာအမှားလုပ်နေသည်၊ အမှန်က ဘယ်ဟာဖြစ်သည်ကို ဖော်ပြပေးသူဖြစ်သည်။ ကိုယ်တော်က အမှန်ကို ညွှန်ပြပေးသည့်အခါကျွန်ုပ်တို့အနေနှင့် ကိုယ်တော်၏ ကျေးဇူးတော်ကိုခံယူပြီး ချိုးမွှန်းခြင်းနှင့် ၎င်းအရာကိုလက်တွေ့ လုပ်ဆောင်လိုက်ဖို့ပဲဖြစ်သည်။

ကျေးဇူးတော်ဟူသည် ကျွန်ုပ်တို့အပေါ်သို့ အလိုအလျောက် ကျလာသည့်အရာမဟုတ်၊ ကျွန်ုပ်တို့ကရွေးယူရမည့်အရာဖြစ်သည်။ ဘုရားရှင်ညွှန်ပြသည့်အရာကိုသူ၏ ကျေးဇူးတော်မပါဘဲ ကျွန်ုပ်တို့ လုပ်ဆောင်ပါကအချည်းနှီးပင်ပန်းမှုနှင့်သာ ကြုံတွေ့ရမည်။ ကျွန်ုပ်တို့သည် အရာရာကို ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် လုပ်ဆောင်သည့်အခါ ပို၍သန့်ရှင်းစင်ကြယ်သောအသက်တာ၌ အသက်ရှင်လာနိုင်မည်ဖြစ်သည်။ အမှန်စင်စစ်စစ် မှန်သောသန့်ရှင်းစင်ကြယ်ခြင်းဟူသည် ဝိညာဉ်တော်နှင့်ကျွန်ုပ်တို့ပူးပေါင်းဆောင်ရွက်မှု၏ သက်သေထင်ရှားခြင်းပင်ဖြစ်သည်။

## ဘုရားသခင်နှင့်ထိတွေ့ဆက်သွယ်ခြင်း
## (Being Plugged In To God)

ဘုရားသခင်နှင့်ထိတွေ့ဆက်သွယ်ထားခြင်းက ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို ရှင်သန်လှုပ်ရှားစေပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်ကို ယုံကြည်ခြင်းဖြင့်လက်ခံရယူနိုင်သည်။ ကျွန်ုပ်တို့ လူ့သဘာဝက ဘုရားကျေးဇူးတော်မပါဘဲ သန့်ရှင်းစင်ကြယ်ဖို့ကြိုးစားတတ်ခြင်းဖြစ်သည်။ သည်အရာက အလွန်ပူအိုက်သည့်နေ၌ လေပန်ကာကို မီးပလပ်မထိုးဘဲ လည်အောင်ကြိုးပမ်းနေခြင်းနှင့်တူ၏။ သင့်အနားမှာ ပန်ကာတွေဘယ်နှလုံးပဲရှိရှိ မီးပလပ်မထိုးပါက သင်ချွေးတစ်လုံးလုံးနဲ့ပဲရှိနေမည်ဖြစ်သည်။ ဘုရားသခင်နှင့်ကျွန်ုပ်တို့ ဆက်သွယ်မှုသည်လည်းထိုနည်းတူပင်ဖြစ်သည်။

ကျွန်ုပ်တို့အနေနဲ့ အောင်မြင်မှုနည်းဗျူဟာများ၊ နိယာမများ၊ ဖော်မြူလာများ၊ ဘယ်လောက်သိသိ ဘာမှအကောင်အထည် မဖော်နိုင်ပဲ ဖြစ်နေနိုင်သည်။ ဆုတောင်းခြင်း ကျမ်းစာလေ့လာခြင်း၊ အပေါင်းလက္ခဏာနှင့်ဝန်ခံခြင်း၊ ဒါတွေအားလုံးက ပန်ကာတွေလိုပဲဖြစ်သည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းက ပန်ကာခလုပ်လိုဖြစ်မည်။ သို့သော်ဘုရား သခင်ကျေးဇူးတော်တည်းဟူသော ပါဝါလိုင်းကို ပလပ်မထိုးသရွေ့ ကျွန်ုပ်တို့၏နည်း လမ်းအားလုံးက ဘာမှအသုံးရမည်မဟုတ်ပေ။ အောင်မြင်ခြင်းဟူသည် ကျွန်ုပ်တို့၏နည်းဗျူဟာ၌ရှိသည်မဟုတ်၊ ဘုရားသခင်၌သာရှိသည်။ ထို့ကြောင့် ဘုရားသခင်၏ ကျေးဇူးတော် ပါဝါလိုင်းနှင့် အမြဲထိတွေ့ဆက်သွယ်ထားဖို့လိုပါသည်။

## သန့်ရှင်းခြင်းကိုမှီအောင်လိုက်ခြင်း
## (Pursuing Holiness)

သန့်ရှင်းခြင်းပါရမီကိုမှီအောင်လိုက်ခြင်းဟူသည် တစ်ကြိမ်တစ်ခါသာပြုရမည့်အမှုအရာမဟုတ်။ တစ်သက်တာပတ်လုံး အမြဲမပြတ်လုပ်ဆောင်ရမည့် ဖြစ်စဉ်တစ်ခုဟု ဆိုနိုင်သည်။ တစ်ကြိမ်တစ်ခါ တည်းဖြင့်ပြီးပြည့်စုံသည့် သန့်ရှင်းခြင်းကိုကျွန်ုပ်တို့ ရရှိနိုင်မည်မဟုတ်ပါ။ ၎င်းသည်တစ်ဆင့်ပြီးတစ်ဆင့် ကျော်ဖြတ်ရမည့် ဖြစ်စဉ် (step - by - stepprocess) ပင်ဖြစ်သည်။ ဘုရားသခင်၏ ကျေးဇူးတော်အပေါ်အမှီမပြုဘဲ မိမိခွန်အားဖြင့်သာ ကြိုးစားနေလျှင် ကျွန်ုပ်တို့ကျရှုံးမည်သာဖြစ်သည်။ အပြစ်နှင့် ညစ်

ညှုးနေသောမြို့ထဲမှ သန့်ရှင်းခြင်းမြို့တော်သို့ခရီးပြုလိုပါက ကျေးဇူးတော်အဝေးပြေးလမ်းမကြီးဖြင့်သာသွားရမည်။ သည့်ပြင်အခြားလမ်းမရှိပါ။

လူ့ခွန်အား၊ လူ့ကြိုးစားအားထုတ်မှုအစား ဘုရားသခင်၏ကျေးဇူးတော်နယ်ပယ်ထဲ၌သာ လျှောက်လှမ်းဖို့ သင့်ကိုကျွန်မအားပေးချင်ပါသည်။ ကိုယ်တော်၏မစထောက်ပံ့မှုက အတိုင်းအဆမရှိပါ။ ကျေးဇူးတော်ကိုအမှီပြုပြီး လျှောက်လှမ်းသူတိုင်းလိုအပ်သမျှ အရာခပ်သိမ်းကိုကြွယ်ဝစွာရရှိခံစားရမည်။

ဘုရားသခင်က ကျွန်ုပ်တို့အားသာမန် 'ရိုးရိုးကျေးဇူးတော်' ကိုပေးအပ်ခြင်းမဟုတ် အလွန်ကြွယ်ဝပြည့်စုံသောကျေးဇူးတော်ကိုပေးအပ်ခြင်းဖြစ်သည်။ သည်အရာအတွက် သင်ဝမ်းမြောက်ပါ။ အဲသည်အရာပေါ်မှာမှီတည်ပါ။ ကိုယ်တော်၏အတိုင်းအဆမဲ့သောကျေးဇူးတော်က သင့်ဘဝအတွက် အကောင်းဆုံးသောအရာများကိုဆောင်ကြဉ်းပေးလာမယ်ဆိုတာ သင်ယုံကြည်စိတ်ချနိုင်ပါသည်။

''ငါ့ကျေးဇူးသည်သင့်အဖို့လောက်ပေ၏'' (၂ကော ၁၂း၉)

*သိန်းသန်း*

**ဝန်ခံချက်** – ၂၀၀၆ ခုနှစ် February လထုတ် Enjoying Every Day Life" စာစောင်မှ Joyce Meyer ၏ Grace; Unmerited Favor so mush more ဆောင်းပါးအား မြန်မာဘာသာသို့ ဆီလျော်အောင်ပြန်ဆိုခြင်းဖြစ်သည်။

# ဝိညာဉ်စကား

– သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံကိုတောင်းခံသည့်အခါ၊ တောင်းခံသူနှင့် ပေးအပ်သူယေရှုခရစ်တော်အကြားမှ၊ နှစ်ဦး၏အရေးကိစ္စဖြစ်သည်။

– သင့်အနေနှင့် နှုတ်ကပတ်တော်ကိုယုံလျှက်တကြိမ်သာ တောင်းခံဘို့လိုသည်၊ ထို့နောက်ကျေးဇူးတော်ချီးမွမ်းလိုက်ပါ၊ အလိုတော်နှင့်ညီသော သင့်ဆုတောင်းချက်ကိုဘုရားရှင်ခွင့်ပြုမည်ဖြစ်ကြောင်း ယုံပါ။ (လု ၁၁း၁၃)

– ဘာခံစားချက်မှမရပါဟုအလှည့်စားမခံနှင့်၊ ယုံကြည်ခြင်းဖြင့်ယူပါ။

– အခြားသောဘာသာစကားဆုကျေးဇူးသည် ဝိညာဉ်ဗတ္တိဇံ၏နောက်ဆက်တွဲကိစ္စဖြစ်သည်။ ပထမဦးဆုံးလှုပ်ရှားသည့်ဝိညာဉ်ဆုကျေးဇူးဖြစ်သည်။

။ ။ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံကိုကျွန်တော် ခံစဉ်က မည်သို့မျှမခံစားရပေဆုတောင်းပေးသူက ယုံကြည်၍ လက်ခံရန် ပြောပြသည်၊ ဘုရားကိုကျေးဇူးတင်ကြောင်းပြောပါဆို၍ ကျွန်တော်လိုက်လုပ်သော်လည်းရယ်ချင်နေမိသည်။ ကျွန်တော်နှုတ်ကိုဖွင့်၍အခြားသောဘာသာစကားပြောနိုင်ပြီဟု သူမဆိုသည်၊ ကျွန်တော်ခံစားသိရှိသည်ဖြစ်စေ၊ မသိရှိသည်ဖြစ်ပစေ၊ ကျမ်းစာကိုယုံရတော့မည်၊ ထို့ကြောင့်နှုတ်မှအသံထွက်ပြောချလိုက်ရာ၊ ခပ်ကြောင်ကြောင်စကားလုံးများဖြစ်နေ၍ စိတ်ထဲ၌' မာလင်း – မင်းလုပ်ကြီပြောနေတာပါ၊ ဗလုံးဗထွေးစကားတွေကိုမင်းဝါးချနေတာပဲ'–ပြီးမှယုံကြည်ခြင်းတွင် မိမိအသိတရားကိုအမှီပြုပြီး၊ ရလဒ်တိုင်းတာတတ်သည့်သဘောသဘာဝ မပါရှိကြောင်းသဘောပေါက်လာ၏။ ထို့ကြောင့်မိမိအတွေးကိုဥပေက္ခာပြု၍၊ နှုတ်ကပတ်တော်က ပြောထားသည့်အချက်အားလက်ခံရန်ဆုံးဖြတ်လိုက်သည်။

မည်သို့မျှမခံစားရသော်လည်းယုံကြည်ရန်သန္နိဋ္ဌာန်ချနိုင်ခဲ့သည်။ ခရစ်တော်အကြောင်းသက်သေခံရန် သန့်ရှင်းသောဝိညာဉ်တော်ကိုစေလွှတ်ထားကြောင်း၊ နှုတ်ကပါတ်တော်အရကျွန်တော်သိ ထားသည်၊ထိုအချိန်ထိုအသိနှင့်အတူ ချစ်ခြင်းမေတ္တာစွမ်းအားကိုကျွန်တော်ခံစားရသည်၊ ချစ်ခြင်းမေတ္တာသည် ဝိညာဉ်တော်ကလုပ်ဆောင်နေပြီး စောစောကတင် ချစ်စရာမကောင်းဟုကျွန်တော်မြင်ရသူအားလုံးကို ကျွန်တော်အလွန်ချစ်သွားရပြီ။

– သင်သည်ယုံကြည်ခြင်းဖြင့်နှုတ်ကိုဖွင့်ဟ၍၊ အခြားသောဘာသာစကားပြောကြားသည့်အခါ ကျွန်တော်ကြုံရသကဲ့သို့ သင့်နှုတ်က ထွက်လာသော စကားလုံးများကို၊ အတုအပဟုသင်ကိုယ်တိုင် တွေးနိုင်သည်။ ထိုအတွေးလှည့်စားမှုကြောင့်၊ သင့်ကြိုးစားမှုကို မရပ်တန့်စေပါနှင့်

– အကယ်၍သင်သည်မိမိကိုယ်တိုင်နှင့်မိမိနှုတ်လျှာကို ဘုရားသခင်အား ကြည်ဖြူစွာဆပ်ကပ်ထားသည်ဆိုလျှင် ဆုတောင်းရမည့် စကားလုံးများ ကိုသန့်ရှင်းသော ဝိညာဉ်တော်မစတို့ ဆုတောင်းပါ၊ သို့ဖြစ်လျှင်သင့်နှုတ်မှထွက်လာသောစကားများသည်၊ သင့်အတွက် အဓိပ္ပါယ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိုအတိုင်း ဘုရားရှင်လုပ်ဆောင်ကြောင်းသင်ယုံကြည်စိတ်ချနိုင်မည်။ ဝိညာဉ်တော်က ကျွန်တော်တို့အထဲမှတိုက်ရိုက်ဆုတောင်းပေးနေပြီ၊ ကျွန်တော်တို့မသိသောကျွန်တော်တို့၏လိုအပ်ချက်ကို၊ မတောင်းမှီကပင် ဘုရားကသိသည်၊ သို့အတွက်ဆုတောင်းပေးလိုခြင်းဖြစ်သည်။

( ရော ၈း၂၆)

– မုချဆုတောင်းကြရမည်၊ အဘယ်ကြောင့်ဆိုသော် ဆုတောင်းခြင်းသည် ဘုရားသားသမီးများအတွက်၊ ဘုရား၏အစီအမံတော်ဖြစ်သည်၊ ဆုတောင်းရမည်ဟုပညတ်ချက်လည်းရှိသည်။

(၁သက် ၅း၁၇) ‘‘မခြားမလပ်ဆုတောင်းပတ္ထနာပြုကြလော့’’

– နေ့စဉ်နေ့တိုင်းအခြားသောဘာသာစကားဖြင့်၊ အချိန်ယူ ဆုတောင်းခြင်းသည်ကျွန်တော်တို့အတွက်၊ အလွန်အရေးကြီးသော အပြုအမူတရပ်ဖြစ်သည်၊ ထိုလုပ်ရပ်သည်မည်သို့သောအလုပ်ဖြစ်ကြောင်း ခေတ္တစဉ်းစားကြည့်ပါ။ ‘‘သမ္မာတရား၏ဝိညာဉ်တော်သည်၊ ကျွန်တော်တို့အားဖြင့်စကားပြောနေခြင်း’’ ဖြစ်သည်။

– ထို့ကြောင့်အရှင်ယေရှုကဝိုကိုယုံကြည်သောသူသည် ကျမ်းစာလာသည့်အတိုင်းအသက်ရေထွက်ရာ စမ်းရေတွင်းဖြစ်လိမ့်မည်ဟုမိန့်တော်မူ၏၊ (ယော ၇း၃၈)

– သမ္မာတရား၏သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ကျွန်တော်တို့တစ်မြုပ်ရွဲတစ်နေသောအခါအတွင်း ဆုံးအပိုင်းမှသမ္မာစမ်းရည်စီးထွက်လာမည် ဖြစ်ကြောင်းကိုယ်တော်မိန့်ခဲ့ခြင်းဖြစ်သည်။

– ထိုသမ္မာစမ်းရေသည်သူတပါးအတွက်စီးထွက်ရခြင်းသာဟု ကျွန်တော်တို့ခံယူတတ်ကြ၏။ သို့သော် ကျွန်တော်တို့အတွင်းထဲ၌ ဦးစွာလုပ်ဆောင်ပါသည်၊ ထိုသမ္မာတရားသည်ကျွန်တော်တို့၏ နှောင်ဖွဲ့ခံဝိညာဉ်ကိုလွတ်ခြင်းအခွင့်ပေးသော တန်ခိုးဖြစ်၏၊ ကျွန်တော်တို့၏ဖုံးကွယ်၊ ဟန်ဆောင်လိမ်လည်မှု၊ ကြောက်ရွံ့မှု၊ မေ့ပျောက်နေသော အတိတ်ကအရိပ်မဲများ၊ အပြစ်များကို စိတ်ဝိညာဉ်အသိအာရုံထဲတွင် ပေါ်လွင်ထင်ဟပ်လာစေရန်ဖွင့်ထုတ်ပြသပေး၏။

– အခြားသောဘာသာစကားဖြင့်ဆုတောင်းသောအခါ၊ ကျွန်တော်တို့၏ ဝိညာဉ်သည်ဘုရားသခင်အားတိုက်ရိုက်ဆက်သွယ်သည်။

– ကျွန်တော်တို့အတွက် သန့်ရှင်းသောဝိညာဉ်တော်က ဆုတောင်းပေးသဖြင့်၊ မိမိတို့၏ကျဉ်းမြောင်းသောအသိတရားချုပ်ထိန်းမှုနယ်ပယ်ကို ကျော်လွန်ဖြတ်သန်းနိုင်လေသည်၊ သို့ဖြစ်၍ ကျွန်တော်တို့နှုတ်မှ၊ ကျွန်တော်တို့ကိုယ်တိုင်နားမလည်သည့် ဘာသာစကားများ ထွက်ပေါ်လာရခြင်းဖြစ်သည်၊ အသက်တာ၌ သဘာဝလွန်စွမ်းအားများထွက်ပေါ်လာရခြင်း၊ အနာငြိမ်းခြင်းတန်ခိုးနှင့် ပြဿနာအရင်းအမြစ်ကိုသိမထားသော်လည်း ပြေလည်ခွင့်ရခြင်းတို့တွေ့ရသည်။

– သူတပါးအားဆုတောင်းပေးစဉ် အနာငြိမ်းခွင့်ရကြခြင်း၊ သူတို့၏ပြဿနာနာများအတွက် ဆုတောင်းသူက သိမထားသော်လည်း၊ လိုအပ်ချက်များအတိုင်း တိုက်ရိုက်ဆုတောင်းပေးနိုင်ကြောင်း တွေ့ရသည်၊ တစ်ခါက စိတ်ဖိစီးမှု ဝေဒနာခံနေရသောအိမ်ရှင်မတစ်ဦးက၊ ဒီလိုဆုတောင်းခဲ့ပါတယ် ‘‘အရှင်ယေရှုဘုရား – ကျွန်မရဲ့ အသက်တာတစ်ခုလုံးကို ကိုယ်တော့်လက်တော်ထဲဆက်ကပ်အပ်နှံပါ၏၊ ကျွန်မအထဲမှာရှိတဲ့ကိုယ်တော့်အလိုတော်နှင့်မညီ သောအရာအားလုံးကိုသန့်ရှင်းစေတော်မူပါ၊ သန့်ရှင်းသောဝိညာဉ်တော်၌ ကျွန်မအား ဗတ္တိဇံပေးတော်မူပါ ကျေးဇူးတော်ချီးမွမ်းပါ၏။ တောင်းလျှောက်သည့်အတိုင်း ကိုယ်တော်ပြုလုပ်ပေးပြီးကြောင်းယုံကြည်ပါ၏’’

– သို့သော်မည်သည့်ထူးခြားမှုမှသူမမခံစားရချေ၊ ထို့နောက် ဒူးထောက်ရာမှထပြီးအိမ်အလုပ်ဆက်လုပ်သည်။

– ရက်သတ္တပတ်သုံးပတ်အကြာတွင် သူမရင်ထဲ၌ထူးခြားလာချက်များကိုခံစားရသည်။ မေ့ပျောက်ထားသောပုံရိပ်များ ပေါ်လာနေသည်၊ သူတပါးကြောင့် သူမစိတ်ထဲ ထိခိုက်နာကျင်ခဲ့ရမှုများ၊ ကြောက်ရွံ့တုန်လှုပ်ခဲ့ရမှု ဒဏ်ရာအမာရွတ်ဟောင်းများ၊ သူမကြောင့်သူတပါးထိခိုက်ခဲ့ရသည့် အဖြစ်များအမှတ်ရလာသည်။ ထိုအဖြစ်တစ်ခုစီအတွက် နောင်တမျက်ရည်များကျပြီး၊ ‘‘ဘုရားရှင်အား ဝန်ချနေမိသည်’’ ကိုယ်တော့်မေတ္တာဖြင့် နာကျည်းခဲ့မှုများကိုလည်း ကုစားပေးရန်လည်း တောင်းပန်နေမိသည်။ ထိုသို့ဆုတောင်းငိုကြွေးရင်း စိတ်သက်သာမှုကိုခံစားလာရသည်၊ တစ်နေ့ပြီးတစ်နေ့ တင်းကျပ်ဖိစီးနေခဲ့သမျှ လျော့ကျလာခဲ့သည်၊ ပိုမိုပေါ့ပါးလန်းဆန်းလာခဲ့သည်။ အိမ်မှုဆောင်ရွက်စဉ်နှင့် ကားမောင်းသွားစဉ်များတွင် ချီးမွမ်းသီချင်းများဆိုနေမိသည်။ ‘‘ကျွန်မ

ဘယ်လိုဖြစ်သွားမှန်းမသိတော့ဘူး၊ တကယ်တော့ အခြားသော ဘာသာစကားပြောခြင်းနဲ့ ပတ်သတ်ပြီး ကျမ်းစာကဘယ်လို သွန်သင်ထားသလဲဆိုတာလဲ စိတ်မဝင်စားခဲ့မိပါဘူး၊ ဒါပေမဲ့ သီချင်းဆိုရင်း၊ အသစ်သောဘာသာစကားနဲ့ဆိုနေမိတယ်၊ ဟန်ဆောင်ဖန်တီးနေတာမဟုတ်ကြောင်း သန့်ရှင်းသောဝိညာဉ် တော်ဗတ္တိဇံနဲ့ ပတ်သက်နိုင်ကြောင်းသဘောပေါက်မိတယ်”

– နေ့စဉ်နေ့တိုင်းသူမသည်အခြားသောဘာသာစကားဖြင့် ဆက်လက်သီချင်းဆို၏။ သို့ဖြင့်လအနည်းငယ်လွန်သော် ကနဦးက ခံစားခဲ့ရသော စိတ်တင်းကြပ်ဖိစီးမှုများ ပျောက်ကွယ်သွားသည်။

– ‘စိတ်ရောဂါဆရာဝန်က၊ စိတ်ပိုင်းဆိုင်ရာချို့ယွင်းအားနည်းသူအဖြစ်ကိုယ့်ကိုယ်ကိုလက်ခံထားဘို့ ကျွန်မကိုပြောခဲ့တယ်၊ ဒါပေမဲ့ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့်၊ ကျွန်မရောဂါပျောက်သွားပြီ၊ ဘုရားရှင်ကုသပေးလိုက်တာဘဲ၊ အခုတော့ အခြားသောဘာသာစကားနဲ့ ကျွန်မသီချင်းဆိုနေပြီ’ ဟုသူမပြောပြသည်။

– အကယ်၍သန့်ရှင်းသောဝိညာဉ်တော်၌ဗတ္တိဇံကို တောင်းခံသည်နှင့်ရရှိပြီးဖြစ်ကြောင်းကတိတော် ကိုသင်ယုံကြည်လက်ခံလိုက်ပါ။

– သင့်နှုတ်ကိုဖွင့်၍ စိတ်ထဲကဖြစ်တည်လာသမျှသော စကားလုံး (သို့) အသံကိုဖွင့်ပြောချလိုက်ပါ၊ ယင်းတို့သည် သင့်စိတ်နှလုံးထဲသို့ ဝိညာဉ်တော်က ထည့်ပေးခြင်းဖြစ်ကြောင်း ယုံကြည်စိတ်ချပါ။

– သင့်ကိုအခြားသောဘာသာစကားပြောဘို့၊ ဘုရားရှင် အတင်းအကြပ် လုပ်မည်မဟုတ်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အခြားသောဘာသာစကားပြောခွင့် ပေးထားခဲ့ပြီ၊ သို့သော်ပြောခြင်း မပြောခြင်းသည် သင့်ရွေးချယ်မှုအပေါ်တွင်သာ တည်သည်၊ သင့်နှုတ်၊ လျှာ၊ ပါးစပ်နှင့်အသံပြွန်တို့ကို အသုံးပြု၍ သင့်ဆန္ဒအတိုင်းပြောနိုင်၏။ ရပ်နိုင်၏။ သင့်အနေနှင့် မည်သည့်ခံစားမှုကိုမျှမခံစားရလျှင်လည်း ယင်းအတွက်ချီးမွမ်းလိုက်ပါ တစ်နေ့သောအခါသင်ခံစားရပေမည်၊ လောလောဆယ်ဆယ်တွင် သင့်ယုံကြည်ခြင်း တိုးတက်ကြီးထွားဘို့ အခွင့်ကောင်းတစ်ခုကို ဘုရားရှင်ပေးထားခြင်းဖြစ်သည်၊ သမ္မာကျမ်းစာထဲတွင် သန့်ရှင်းသောဝိညာဉ်တော်အကြောင်း သခင်ယေရှုပြောထားသမျှကို ရှာဖွေဖတ်ရှုပါ၊ တမန်တော်ဝတ္ထုနှင့် ကနဦးအသင်းတော်များသို့ ရေးထားသော ဩဝါဒစာများတွင် ပါရှိသည့် သန့်ရှင်းသောဝိညာဉ်တော်အကြောင်း၊ ဝိညာဉ်ဆုကျေးဇူးများအကြောင်းနှင့်ဝိညာဉ်အသီးများအကြောင်း ရှာဖွေဖတ်ရှုပါ။

– ထိုအရာများသင့်အသက်တာတွင် လက်တွေ့ဖြစ်ပျက်လာဘို့ မျှော်လင့်ပါ။

– ဘုရားမေတ္တာကိုဖြန့်ဝေသည့်တန်ဆာပလာအဖြစ် အသုံးခံလိုကြောင်း၊ အခွင့်ကောင်းကြုံက၊ ယုံကြည်ခြင်းဖြင့် လျှောက်လှမ်းဘို့ အသင့်ဖြစ်ကြောင်း ဘုရားသခင်အားသစ္စာဝတ်ပြုလိုက်ပါ။

– တွေ့ကြုံရသမျှအခြေအနေခပ်သိမ်းသည် ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ကျေးဇူးတော်ချီးမွမ်းပြီး သင့်အသက်တာအတွက် ကောင်းကျိုးကိုပြုစုပေးဘို့ဘုရားရှင်အားကိုးစားပါ။ ။

ဒေါ်စန်းစန်းမြင့်

*မှတ်ချက် –*

*ဆရာကေဇော်ထွန်းဘာသာပြန်ခဲ့သော Power in Praise (merlin carothers) စာအုပ်မှအနည်းငယ်မျှကို လိုရင်းတိုရှင်း ကောက်နှုတ်၍ မျှဝေပါသည်*

# ဟာဗက္ကုတ်အနာဂတ္တိကျမ်း

# HABAKKUK

**ဗာဗုလုန်၏ဒုစရိုက်အပြစ်များ (၂း၆–၂၀)**

ဟာဗက္ကုတ်သည် ဗာဗုလုန်၏ အပြစ် များအား ‘အမင်္ဂလာ –Woe– ကောင်းချီး မခံစားရသောအရာ’ ဟု ဖော်ပြထားသည်။

တန်ခိုးအာဏာကို မက်မောခြင်းနှင့် ဥစ္စာစည်းစိမ် မက်မောခြင်း (၂း၆–၁၁)

ဟာဗက္ကုတ်၌ ဗာဗုလုန်သည် တန်ခိုးအာဏာကို တပ်မက်မောသူ၊ ဥစ္စာပစ္စည်း စည်းစိမ်တို့ကို တပ်မက်သောသူဟု ဖော်ပြထားသည်။ ထိုနည်းဖြင့် မိမိ၏ပတ်ဝန်းကျင်သူတို့အား

ဒုက္ခပေးနှိပ် စက်လျက်ရှိသည်။ ငွေများကို ငွေတိုးများများချေးပြီး ချေးငွေကို ပြန်မဆပ်နိုင်အောင် အတိုးများ များ ဖြင့်ချေးကာ မိမိ၏မပိုင်သောပစ္စည်းများကို မတရားစွာသိမ်းပိုက်သည်။ လူကိုလည်း ကျွန်အဖြစ်သိမ်းပိုက်ကြသည်။ ကိုယ်ချင်းစာ ညှာတာသနားစိတ် လုံးဝမရှိသောသူဖြစ်သည်။ မိမိ၏ အကျိုး ကိုသာရှုမှတ်လျက် သူတစ်ပါး၏အကျိုးကို မငဲ့ညှာဘဲ သူတ ပါးအား အရှက်ရစေလျက် ကြီးပွားချမ်းသာနေကြသည်။

## အဓမ္မလု၊ ကြောက်မက်ဘွယ် ကောင်းသောသူ၊ ရုပ်တုကိုးကွယ်သူ (၂း၁၂–၂၀)

ဗာဗုလုန်သည် မိမိကိုကြီးပွား ခိုင်ခန့် ရန်အတွက် တပါးသူတို့အား အဓမ္မအမှုနှင့် နိုင်ထက်စီးနင်းပြုကာ ဖျက်ဆီးကြသည်။ သူတို့တိုက်၍နိုင်သောမြို့များအတွင်းရှိ အရာအားလုံးကို အတင်းလုယူကာ မြို့သူမြို့သားတို့အား အနိုင်အထက်ပြုကာ အုပ်ချုပ်ကြသည်။ လောကတွင် သူတို့သာ လျှင် တန်ခိုးသြဇာအကြီးဆုံးဟု စိတ်တွင်ထင်မှတ်ကာ တစ်လောကလုံးအား သိမ်းပိုက် လွှမ်းမိုးလိုစိတ် ပြင်းထန် လျက်ရှိသည်။ လောကတွင်သူတို့သာ အကြီးဆုံး အမြင့် ဆုံးတန်ခိုးအရှိဆုံးဟု ခံယူထားကြသည်။

သို့ဖြစ်၍ တခါတရံဘုရားသခင်သည် ဆိုးသွမ်းမှုတို့ကို အခွင့်ပေးလျက် ဖြောင့်မတ်သောသူတို့သည် သမာသတိဖြင့် ထိုအရာတို့အပေါ် ဆင်ခြင်သုံးသပ်သင်ခန်းစာယူလျက် လာမည့်အနာဂတ်၏ စီရင်ခြင်းနေ့ရက်များအတွက် ကြို တင်ပြင်ဆင်ဖို့ရန် ရှိတော့သည်။ ဤကမ္ဘာကြီးသည် နောက် ဆုံးသောနေ့ရက်တွင် စီရင်ခံရမည်မှာ မုချအမှန်ပင်ဖြစ်သည်။ ထိုစီရင်ခြင်းနေ့ရက်တွင် တန်ခိုးအာဏာရှင်တို့သည် မိမိ တို့လက်ထဲတွင် မည်သည့်အရာတစ်ခုမှ မရှိ မပိုင်ဆိုင်နိုင်ကြောင်း သိလာကြမည်။ လုံခြုံမှုအတွက် တည်ထောင်ထားသော အရာ များ၊ အဆောက်အဦးများ၊ နည်းစနစ်များသည် ထိုအခါတွင် ပိုင်ဆိုင်သူတို့ သိရှိလာကြသည်မှာ ထိုအရာတို့သည် မိမိတို့အား မည်သို့မျှမကွယ်ကာနိုင်ကြောင်း၊ မလုံခြုံတော့ကြောင်းကို တွေ့မြင်ရပေမည်။ စည်းစိမ်အပြည့် တန်ခိုးအာဏာရှင် တို့သည် ထိုအချိန်တွင် မျက်စိကန်းနားကန်း ကယ်မည့်သူမရှိ ဆင်းရဲ မွဲတေသူအဖြစ် ရောက်ရှိပေမည်။ မည်သူ တစ်ဦးတယောက်မျှ သူတို့အား မစခြင်းမရှိသော အခြေအနေသို့ ရောက်ရှိပေမည်။

နောက်ဆုံးတွင် ဤကမ္ဘာလောကကြီးအား အုပ်စိုးသူမှာ ဘုရားသခင်တစ်ပါးတည်းသာဖြစ်ကြောင်း သိရှိလာ ကြမည်ဖြစ်သည်။ (၂း၁၈–၂၀)

## ၃။ ပရောဖက်၏ဘုရားသခင်၏စီရင်ချက်အပေါ် ယုံကြည်ခဲ့ခြင်း။

အခန်းကြီး (၃) သည် ဘုရားသခင်၏ စီရင်မှုအပေါ် ပရော ဖက်၏ ယုံကြည်နားလည်သည့်အကြောင်း ဖော်ပြထားသည်။ ဤအခန်းသည် ယုဒနှင့်ဗာဗုလုန်တို့အကြောင်းမဟုတ်တော့ပေ။ ဘုရားသခင်၏ လောကလူသားတို့အား စီရင်သွန်သင်ပြီး သောအခါတွင် ဘုရားရှင်၏ ကယ်တင်ခြင်းအမှုနှင့် ဘုရားရှင်၏ လုပ်ဆောင်မှုတို့သည် အထင်အရှားမြင်တွေ့ ရမည့်ကာလဖြစ် သည်။

လောကီသားတို့ကို စီရင်သောအခါတွင် ဣသရေလလူမျိုး (လူမျိုးတော်)လည်း ပါမည်ဖြစ်သဖြင့် ပရောဖက်က လူမျိုး တော်အား သနားဂရုဏာစိတ်ထားရှိစေရန် တောင်းပန်ထား သည်ကို တွေ့ရသည်။

“အိုထာဝရဘုရား၊ ယခုနှစ်များအတွင်းတွင် အမှုတော်ကို ပြုပြင်တော်မူပါ။ ယခုနှစ်များအတွင်းတွင် ထင်ရှားစေတော်မူပါ။ အမျက်ထွက်တော်မူသော်လည်း ကရုဏာတရားကို အောက် မေ့တော်မူပါ။” (၃း၂)

ပရောဖက်သည် ဘုရားသခင်၏ စီရင်ခြင်းအမှုကို မောရှေ လက်ထက် ဣသရေလတို့အား အဲဂုတ္တုမှဆွဲထုတ်ချိန်၌ ကျရောက်သောစီရင်ချက်အဖြစ်အပျက်သမိုင်းကို ပြန်လည် ပြောကြားသတိပေးခဲ့သည်။

- ကာလနာဘေး၊ မည်သူမျှမလွတ်နိုင် ( း၅)
- လူမျိုးတို့ တုန်လှုပ်ချောက်ချားကြောက်ရွံ့မည် ( း၆) (တောများတုန်လှုပ်၊ မြေကြီးတုန်လှုပ်)
- ကုရှန်ပြည်တဲတို့ကို သဲမုန်တိုင်းဖြင့် မှုတ်ထုတ် ( း၇)
- မမြင်ရသောလောကသဘာဝတို့၏ ဖျက်ဆီးခြင်း ( း၈–၉)
- ရေလွှမ်းမိုးလျက် အရာအားလုံးကို ချီဆောင်သွား ( း၁၀)
- ကမ္ဘာကြီးမှောင်မိုက်လျက် နေကြတ်သကဲ့သို့ ( း၁၁)
- စစ်သူကြီးသည် မိမိ၏စစ်တပ်အား ကယ်တင်ရာ ရန်သူတို့အား အောင်နိုင်လိုက်သကဲ့သို့ ( း၁၂–၁၅)

ထိုအရာတို့ကို ပရောဖက်သည် တွေ့မြင်သောအခါများစွာ

ခြောက်ချားတုန်လှုပ်သွားခဲ့သည်။ ထို့ကြောင့် ဤစီရင်မှုမှ လွတ်မြောက်နိုင်နည်းလမ်းမှာ၊ တစ်ခုတည်းသောလမ်းမှာ ဖြောင့်မတ်တည်ကြည်၍ ကရုဏာစိတ်နှင့် ပြည့်ဝသောဘုရားသခင်တစ်ပါးတည်း၌ အားကိုးခိုလှုံခြင်းပင်ဖြစ်သည်ဟု ခံယူမိတော့သည်။ ( း၁၆) သို့ကြောင့် ပရောဖက်သည် စိတ်ဒုန်းဒုန်းချကာ ဤကဲ့သို့ပြောဆိုခဲ့သည်။

"သင်္ဘောသဖန်းပင်မပွင့်ရ၊ စပျစ်ပင်မသီးရ၊ သံလွင်ပင်၏ကျေးဇူးကို မြော်လင့်မခံရ၊ လယ်တို့သည် အသီးအနှံကို မပေးရ၊ သိုးခြံ၌သိုးကုန်၍ တင်းကုပ်၌နွားမရှိရ။ သို့သော်လည်း၊ ထာဝရဘုရား၌ ငါဝမ်းမြောက်၍၊ ငါ့ကို ကယ်တင်တော်မူသော ဘုရားသခင်ကို အမှီပြုလျက်ရွှင်လန်းမည်။" ( း၁၇–၁၉)

## ၄။ သင်ခန်းစာယူရမည့်အရာများ

### (က) This world is a fallen place

**ဤလောကသည် ပျက်စီးဆုံးရှုံးမည့်နေရာဖြစ်သည်။**

လူတို့၏အားနည်းချက်၊ မပြည့်စုံမှုနှင့် ဆိုးသွမ်းမှုတို့သည် ဤလောက၏ နေရာတိုင်း၌ ရှိနေသည်ကို သတိပြုရပေမည်။ အမျိုးသား၊ အမျိုးသမီးအသက်ကြီးငယ်မရွေး လူတို့သည် ဘုရားသခင်အား ချစ်ကြောက်ရိုသေ၍ သွန်သင်မှုများကို လိုက်နာရကောင်းမှန်းမသိကြတော့ပေ။ တစ်ဦးနှင့်တစ်ဦး နိုင်ထက်စီးနင်းပြုကာ မိမိ၏ကြီးပွားချမ်းသာရေး၊ အာဏာကြီးထွားရေးနှင့် မိမိစိတ်ချမ်းသာရန် လုပ်ချင်ရာလုပ်ကြသူများသာ ဖြစ်ကြသည်။ (ရော ၃း၂၃)

"အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။"

### (ခ) It is not wrong to ask.

**မေးမြန်းခြင်းသည်အပြစ်မဟုတ်ပါ။**

ပရောဖက်၏မေးခွန်းထုတ်ခြင်းသည် အပြစ်မဟုတ်ပါ။ စိတ်ထဲ၌မကြည်မလင်၊ မရှင်းမလင်း၊ စနိုးစနောင့် ဖြစ်နေ၍ ဘုရားသခင်၏ဖြောင့်မှန်ခြင်းတရားသည် အဘယ်မှာရှိသနည်းဟု သိချင်စိတ်ဖြင့်သာ မေးမြန်းခဲ့ခြင်းဖြစ်သည်။ တွေ့ကြုံရင်ဆိုင်ရသော အခက်အခဲကြောင့် နားမလည်နိုင်သောအရာများအတွက် ယုံကြည်ခြင်းဖြင့် ဘုရားသခင်အား ယုံကြည်စိတ်ချစွာဖြင့် ဆင်ခြင်မေးမြန်းရှာဖွေသင့်ပေသည်။ အဖြေချက်ခြင်းရှာဖွေနိုင်မည်မဟုတ်သော်လည်း ဖြောင့်မတ်ခြင်းတရားလမ်းသည် မည်သည့်တရားဖြစ်သည်ကို တွေ့မြင်ရမည်မှာ အမှန်ပင်ဖြစ်သည်။

### (ဂ) We can trust in God too

**ဘုရားသခင်အား ယုံကြည်အားထားနိုင်ပါသည်။ (အားထားပါ)**

ဘုရားသခင်၏လုပ်ရပ်များအား နားမလည်နိုင်သော်လည်း ဘုရားသခင်သည် မည်သည့်အခါမျှမတရားမလုပ်ပဲ အချိန်ကာလတိုင်းတွင် အကောင်းဆုံးကိုသာ ရည်ရွယ်လုပ်ဆောင်သည်ကို သိရှိယုံကြည်ရပေမည်။ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းသည် တွေ့ကြုံရသော အဖြစ်အပျက်များတွင်မဟုတ်ဘဲ၊ ဘုရားသခင်၌သာ ခိုလှုံခြင်းဖြင့် ရရှိမည်ဖြစ်သည်။ ဘုရားသခင်သည် ဖြောင့်မတ်တည်ကြည်သော ဘုရားဖြစ်သောကြောင့် ဖြစ်သည်။ (ရော ၈း၂၈၊ ၁၁း၃၆၊ ဟေ ၄၀း၁၃)

### (ဃ) History demands a judgement

**သမိုင်းသည် စီရင်သွန်သင်မှုကိုတောင်းဆိုသည်။**

လူတို့သည် ဆိုးသွမ်းသဖြင့် လောက၌စိတ်ကြေနပ်မှုကို ရနိုင်ရန်မလွယ်တော့ပါ။ သို့ဖြစ်၍ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် ဤလောကအားတခါတခါ စီရင်ဆုံးမလျက် ကောင်းသောအခြေအနေသို့ ရောက်ရန်ညှိပေးရသည်။ ခံရသောဒုက္ခတရားတို့သည်လည်း ကျွန်ုပ်တို့၏ဘဝရှေ့ရေးနှင့် ထာဝရအသက်အရေးကို မည်သို့လျှောက်လှမ်းရမည်ကို လမ်းညွှန်ပေးသည်ကို သိရှိရပေတော့သည်။

လင်း (ပုသိမ်)